# မြန်မာနိုင်ငံကြက်ခြေနီအသင်း

## သတင်းစာစောင်

၂၀၁၈ ခုနှစ် ဒီဇင်ဘာလ အတွဲ ၁၁ အမှတ် ၄


# မြန်မာနိုင်ငံကြက်ခြေနီအသင်းနာယကက နိုင်ငံတော်သမ္မတဦးဝင်းမြင့်အား မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ သွားရောက်တွေ့ဆုံဂါရဝပြု



နေပြည်တော်၊ အောက်တိုဘာ

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း နာယက နိုင်ငံတော် သမ္မတ ဦးဝင်းမြင့်အား မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မြသူ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် အချိန်ပြည့်၊ အချိန်ပိုင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များမှ ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ သွားရောက်တွေ့ဆုံ ဂါရဝပြုခဲ့ကြပါသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မြသူက မြန်မာနိုင်ငံကြက်ခြေနီအသင်း ရပ်တည်နေသည့် အခန်းကဏ္ဍ၊ အသင်း၏မူဘောင်၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်နေမှုနှင့် သဘာဝဘေးတုံ့ပြန်ရေးလုပ်ငန်းများတွင် ဝန်ကြီးဌာနများ၊ ဒေသခံပြည်သူများနှင့် ပူပေါင်းဆောင်ရွက်နေမှု၊ ပဋိပက္ခလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေမှု၊ ကြက်ခြေနီအသင်းဥပဒေ ပြဋ္ဌာန်းထားရှိမှု၊ ရွေးချယ်တင်မြှောက်ရေး စည်းမျဉ်းစည်းကမ်း၊ အလုပ်အမှုဆောင်ဦးရေနှင့် ကောင်စီဝင်ဦးရေ၊ စေတနာလုပ်အားရှင်များနှင့် ရာသက်ပန်အသင်းဝင် အင်အား၊ ဝန်ထမ်းခန့်ထားမှု၊ နိုင်ငံတကာအသင်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ရန်ပုံငွေရရှိမှု၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ပါသည်။

အဆိုပါရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက နိုင်ငံတော်၏ တစ်ခုတည်းသော အမျိုးသားကြက်ခြေနီအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် နိုင်ငံတော်၏ အရန်အင်အားဖြစ်ပါကြောင်း၊ လူမှုကရုဏာလုပ်ငန်းများတွင် လွတ်လပ်၍ဘက်မလိုက်သော အသင်းအဖွဲ့အဖြစ် တည်ရှိပါကြောင်း၊ ဂျီနီဗာသဘော တူညီချက်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုဆိုင်ရာ အခြေခံမူများ၊ မူဝါဒများ၊ ဆုံးဖြတ်ချက်များနှင့် အညီဆောင်ရွက်ရန်လိုပါကြောင်း၊ သို့မှသာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ လုပ်ဆောင်ချက်များ ပေါ်လွင်လာမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးနှင့် အမျိုးသားအကျိုးစီးပွားအတွက် ရပ်တည်ရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ အလှူငွေများ လှူဒါန်းမှုကို လက်ခံနိုင်သော်လည်း နှောင်ကြိုးဖြင့် လှူဒါန်းမှုများ မဖြစ်စေလိုပါကြောင်း၊ မွန်မြတ်သည့် လူမှုကရုဏာလုပ်ငန်းလုပ်ဆောင်သူများအနေဖြင့် ငွေကြေးအလွဲသုံးစားမှုများ မရှိနိုင်ပါကြောင်း၊ သို့သော်လုပ်မှားကိုင်မှားရှိနိုင်ပါကြောင်း၊ ယင်းသို့မဖြစ်စေရန် ပွင့်လင်းမြင်သာမှုရှိပြီး ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများ နှင့်အညီဆောင်ရွက်ရန် လိုပါကြောင်း။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ အမှတ်တံဆိပ်သင်္ကေတအား အလွဲသုံးစားမှုနှင့် ပတ်သက်၍ မိမိအနေဖြင့်အကြံပြုလိုသည်မှာ ယင်းနှင့်စပ်လျဉ်းသည့် ဥပဒေကို အသစ်ပြန်လည်ရေးဆွဲခြင်း သို့မဟုတ် လက်ရှိဥပဒေကို ပြင်ဆင်ဖြည့်စွက်ခြင်းစသည်ဖြင့် မည်သို့ဆောင်ရွက်သင့်သည်ကို စဉ်းစားစေလိုပါကြောင်း၊ ပြင်ဆင်မည်ဆိုပါက ခေတ်၊ စနစ်နှင့်လျော်ညီအောင် ပြင်ဆင်ရမည် ဖြစ်ပါကြောင်း၊ ဥပဒေတစ်ခုသည် ရာနှုန်းပြည့် မပြည့်စုံနိုင်ပါကြောင်း၊ လိုအပ်ပါက နည်းဥပဒေများကို သက်ဆိုင်ရာ ဝန်ကြီးဌာနက ဆက်လက်ပြဋ္ဌာန်းရပါကြောင်း။

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တာဝန်ရှိသူများအနေဖြင့် တာဝန်နှင့် လုပ်ပိုင်ခွင့်ကို ဥပဒေနှင့်အညီအသုံးချပြီး တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ထိ ကျစ်လျစ်ခိုင်မာ တောင့်တင်းသည့် အဖွဲ့အစည်းအဖြစ် အဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်သွားစေလိုပါကြောင်း၊ လူမှုကရုဏာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လူငယ်များကိုစနစ်တကျ ပြုစုပျိုးထောင်ပညာပေးစေလိုပါကြောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်စေလိုပါကြောင်း။

စာမျက်နှာ(၅)သို့. . .



ကြက်ခြေနီအသိပညာပြန့်ပွားရေးဆွေးနွေးပွဲကျင်းပနေစဉ်
သဘင်ဆောင်၊ ပြည်ထောင်စုလွှတ်တော်၊ နေပြည်တော်
၂၀၁၈ ဒီဇင်ဘာလ ၅ရက်




ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းမြင့်မားရေးအစီအစဉ်တွင်ပူးပေါင်းပါဝင်ဆောင်ရွက်
ရေးဆွေးနွေးပွဲကျင်းပစဉ်၊ နေပြည်တော်
၂၀၁၈ အောက်တိုဘာလ ၁၅ရက်



အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့အခမ်းအနားတွင်
ပူးပေါင်းပါဝင်ကူညီစဉ်
မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၂၀၁၈ အောက်တိုဘာလ ၁ရက်



ရေကြီးရေလျှံမှုများတွင်သွားရောက်ကူညီစဉ်
ဖာပွန်မြို့၊ ကရင်ပြည်နယ်
၂၀၁၈ ဇူလိုင်လ ၃၁ရက်



ကြက်ခြေနီအသိပညာပြန့်ပွားရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပစဉ်
မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂၀၁၈ အောက်တိုဘာလ ၃ရက်



စုပေါင်းသန့်ရှင်းရေး လုပ်ဆောင်စဉ်
ပုသိမ်ဘိုးဘွားရိပ်သာ၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး
၂၀၁၈ ဩဂုတ်လ ၅ရက်

# ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အခမ်းအနားသို့မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူမှ ပေးပို့သည့် သဝဏ်လွှာ



နေပြည်တော်၊ စက်တင်ဘာ

၂၀၁၈ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အခါသမယတွင်မြန်မာနိုင်ငံတစ်ဝန်းရှိပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးမှ ကြက်ခြေနီအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီစေတနာ လုပ်အားရှင်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ ကြောင်း ဆုမွန်ကောင်းတောင်းလျက် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် ၂၀၀၃ ခုနှစ်မှစတင်ပြီး ကမ္ဘာ့ ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ်အခမ်းအနားများနှင့် ရှေးဦးပြုစုခြင်း ဆိုင်ရာ စွမ်းရည်ပြိုင်ပွဲများကို ကျင်းပခဲ့သည်မှာ ယခုအခါတွင် (၁၆) ကြိမ်မြောက် ရှိခဲ့ ပြီဖြစ်ပေသည်။

အသင်းသည် စွမ်းဆောင်ရည်ပြည့်ဝသည့် အမျိုးသားကြက်ခြေနီ အသင်း (Well Functioning National Society) အဖြစ် ကမ္ဘာ့ အလယ်တွင် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေးအတွက်လည်းကောင်း၊ နိုင်ငံ တစ်ဝန်းလုံးတွင် ဘေးဒုက္ခကျရောက်လွယ်ဆုံးသောသူများအတွက် ၎င်းတို့ နှင့်အတူအချိန်အခါမရွေးပူးပေါင်းဆောင်ရွက်သည့်လူသားချင်းစာနာထောက် ထားမှုဆိုင်ရာ ဦးဆောင်အဖွဲ့အစည်းတစ်ရပ် ဖြစ်လာစေရေးအတွက် လည်း ကောင်း မျှော်မှန်းချက်များချမှတ်ပြီး (၂၀၁၆-၂၀၂၀) ခုနှစ် ငါးနှစ်တာ မဟာ ဗျူဟာ စီမံကိန်းရည်မှန်းချက်များ ချမှတ်ပြီး ကြက်ခြေနီ စေတနာလုပ်ငန်းရှင် များ၏စွမ်းပကားဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပါသည်။

အသင်းအနေဖြင့် ရှေးဦးပြုစုခြင်းဆိုင်ရာလုပ်ငန်းများကို အသင်း ကြီး၏ အဓိကပန်းတိုင်ဖြစ်သည့် ရပ်ရွာလူထုကြံ့ကြံ့ခံနိုင်ရေးအတွက် ရှေးဦးပြု စုခြင်းသည် အဓိကအရေးအပါဆုံးအဖြစ် ခံယူထားရှိပြီး မိသားစုတစ်စုတွင် ရှေးဦးပြုစုခြင်းတတ်မြောက်သူတစ်ဦးရှိရမည်ဆိုသည့် ရည်မှန်းချက်ကို လူတိုင်း လူတိုင်းရှေးဦးပြုစုခြင်းပညာရပ်များ တတ်မြောက်ရမည်ဟု အစားထိုးပြောင်း လဲပြီး သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ခရိုင်များရှိ ယာယီကြက်ခြေနီ ကြီးကြပ်မှုကော်မတီများ၊ မြို့နယ်ကြက်ခြေနီ အသင်းခွဲ အမှုဆောင်အဖွဲ့ (ယာယီ) များ၊ တပ်ဖွဲ့အုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းကာ စွမ်းဆောင်ရည်ပြည့်ဝသည့် ရှေးဦးပြုစုခြင်း ပညာရပ်များကို သင်တန်းများ၊ ဟောပြောပွဲများမှတစ်ဆင့် ဖြန့်ဝေပေးလျက်ရှိပါသည်။

အသင်းမှလည်း ရပ်ရွာလူထုအတွင်း ရှေးဦးပြုစုခြင်းပညာရပ်များ ပြန့်ပွားနိုင်ရေးနှင့် ထိခိုက်ဒဏ်ရာရရှိသူများကို ချက်ချင်းတုန့်ပြန်ဆောင်ရွက် နိုင်စေရေး ရည်ရွယ်ထားရှိသည့်အတွက် ရှေးဦးပြုစုခြင်းလုပ်ငန်းများကို အမျိုး သားအဆင့် အစီအမံအဖြစ်သတ်မှတ်ကာ ဆောင်ရွက်နိုင်ရေးအတွက် ပြန် လည်ပြင်ဆင်ရေးဆွဲသည့် ဥပဒေတွင် ထည့်သွင်းပြဌာန်းထားပြီးဖြစ်ပါသည်။

နိုင်ငံတစ်ဝန်း နေ့စဉ်ကြုံတွေ့ရသည့် မတော်တဆဖြစ်မှုများ၊ သဘာဝဘေးအန္တရာယ်များနှင့် လက်နက်ကိုင်ပဋိပက္ခများအတွင်း ကြုံတွေ့ရ သည့် ထိခိုက်ဒဏ်ရာရရှိသူများကို လူမျိုး၊ ဘာသာ၊ အသားအရောင်၊ ဆင်းရဲ ချမ်းသာခွဲခြားခြင်းမရှိဘဲ လူသားချင်းစာနာထောက်ထားမှုအပေါ်အခြေခံကာ ရှေးဦးပြုစုခြင်းဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိသည့် ကြက်ခြေနီ စေတနာ လုပ်အားရှင်များအားလုံးကို အထူးပင်ချီးကျူးမှတ်တမ်းတင်အပ်ပါသည်။

ယခုနှစ် ၂၀၁၈ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့၏ ဆောင်ပုဒ်မှာ ‘လမ်းပေါ်မတော်တဆဖြစ်မှုများ၊ ရှေးဦးပြုစုခြင်းဖြင့် ချက်ချင်းတုန့်ပြန်ဆောင် ရွက်ပေး’ "First Response to Road Crash" ဖြစ်ပါသည်။ ယင်းဆောင် ပုဒ်ကို ကြည့်ခြင်းအားဖြင့် ကမ္ဘာတစ်ဝန်း နေ့စဉ်ဖြစ်ပွားသည့် မတော်တဆ ဖြစ်မှုများတွင်လမ်းပေါ်တွင်မတော်တဆဖြစ်မှုသည်လည်း အဓိကအခန်းကဏ္ဍ မှ ပါဝင်နေသည်ကို တွေ့ရပေသည်။ လမ်းပေါ်တွင် မတော်တဆဖြစ်မှု များကြောင့် အဓိကအားဖြင့် အသက်ဆုံးရှုံးခြင်းများ၊ မသန်စွမ်းဖြစ်မှုများပါ ဖြစ်ပွားလျက်ရှိပြီး နိုင်ငံ၏တန်ဖိုးကြီးမားသည့် လူသားအရင်းအမြစ်များနေ့စဉ် နှင့်အမှုဆုံးရှုံးလျက်ရှိသည်ကိုတွေ့မြင်နေရပါသည်။

အသင်းအနေဖြင့် ကြက်ခြေနီ စေတနာလုပ်အားရှင်များအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်း အစီအစဉ်အဖြစ် လမ်းပေါ်တွင် မတော်တဆ ထိခိုက်ခြင်းမှ ကာကွယ်ခြင်းအစီအစဉ်များကို ၂၀၁၃ ခုနှစ်မှစတင်ပြီးအကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပေသည်။

သို့ဖြစ်ပါ၍ ရပ်ရွာလူထုများအနေဖြင့် လမ်းပေါ်တွင် အန္တရာယ် ဖြစ်ပွားနိုင်သည့်နေရာများကို သိရှိစေရေးနှင့် မဖြစ်ပွားစေရန်ကြိုတင်ကာကွယ် ရမည့် နည်းလမ်းများသိရှိစေရေးအပြင် လူတိုင်းအသက်အရွယ်မရွေးရှေးဦးပြု စုခြင်းနည်းစနစ်များ တတ်မြောက်ပြီး၊ လမ်းပေါ်တွင် မတော်တဆဖြစ်မှုများ ကြောင့် ထိခိုက်ဒဏ်ရာရရှိမှုများကို ယုံကြည်မှုအပြည့်ဖြင့် ချက်ချင်းတုန့်ပြန် ဆောင်ရွက်နိုင်ရေးအတွက်ရပ်ရွာလူထုအတွင်းရှေးဦးပြုစုခြင်းပညာရပ်များကို ပြန့်ပွားနိုင်စေရန် ကြက်ခြေနီစေတနာလုပ်အားရှင်များက အဓိကတာဝန်ယူ ဆောင်ရွက်ရမည်ဖြစ်ပေသည်။ သို့မှသာ ရပ်ရွာလူထုအနေဖြင့်သော်လည်း ကောင်း၊ မိသားစုတစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ မိမိကိုယ်တိုင်နှင့် သူတစ်ပါးကို ကာကွယ် စောင့်ရှောက်နိုင်မည်ဖြစ်ပြီး ဘေးအန္တရာယ်များကို ကြိုတင်ပြင်ဆင် တုန့်ပြန်ဆောင်ရွက်ရာတွင် ကြံ့ကြံ့ခံနိုင်စွမ်းကိုပါ ပိုမိုရရှိလာ မည်ဖြစ်ပေသည်။

နိဂုံးချုပ်အနေဖြင့် ၂၀၁၈ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်း အမှတ်အခါသမယတွင် ကြက်ခြေနီ စေတနာလုပ်အားရှင်များ အားလုံး ကျန်းမာ၊ ချမ်းသာ အန္တရာယ်ကင်းစွာဖြင့် နိုင်ငံအကျိုးပြု၊ ပြည်သူ့အကျိုးပြု လူမှုကရုဏာလုပ်ငန်းများကို ယခုထက်ပိုမိုပြီး စွမ်းစွမ်းတမံ အကောင်အထည် ဖော်ဆောင်ရွက်သွားကြပါလို့ တိုက်တွန်း ဆန္ဒပြုလိုက်ရပေသည်။

ပါမောက္ခဒေါက်တာဒေါ်မြသူ
ဥက္ကဌ
မြန်မာနိုင်ငံကြက်ခြေနီအသင်း

# ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုတွင် ပူးပေါင်းပါဝင် ကူညီ

မော်လမြိုင်၊ စက်တင်ဘာ

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ပြုလုပ်သော ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခန်းကို ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် မော်လမြိုင်မြို့၊ သီရိမင်္ဂလာရပ်ကွက်တွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်ခန်းတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း မော်လမြိုင်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးမျိုးဝင်းယု ဦးဆောင်သော ကြက်ခြေနီ စေတနာလုပ်အားရှင်များမှ ရေဘေးဖြစ်ပေါ်လာပါက ရပ်ကွက်အတွင်းရှိလူထုအားယာယီကယ်ဆယ်ရေးစခန်းသို့ ရွှေ့ပြောင်းပေးခြင်း၊ ရှေးဦးပြုစုပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခြင်းနှင့် ရေပြန်ကျသွားသောအခါ နေအိမ်များထံ လိုက်လံပို့ဆောင်ခြင်းအစရှိသည့် ဇာတ်တိုက်လေ့ကျင့်မှုများ၌ ပူးပေါင်းပါဝင် ကူညီခဲ့ကြပါသည်။

ဦးပေါကြွယ်



# လေယာဉ်မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်မှု ပြုလုပ်



မြိတ်၊ အောက်တိုဘာ

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း မြိတ်မြို့နယ် ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီ စေတနာလုပ်အားရှင်များသည် မြိတ်ခရိုင် မီးသတ်တပ်ဖွဲ့၊ မြိတ်မြို့နယ် ရဲတပ်ဖွဲ့တို့နှင့်အတူ ပူးပေါင်းကာ လေယာဉ်မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် မြိတ်လေဆိပ်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါဇာတ်တိုက်လေ့ကျင့်မှုသည် မတော်တဆ လေယာဉ်ပျက်ကျခြင်း၊ မီးလောင်ခြင်းများ ဖြစ်ပွားပေါ်ပေါက်ခဲ့ပါက အသက်ကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများကို အလျင်မြန်ဆုံးနှင့် အထိရောက်ဆုံး ဆောင်ရွက်နိုင်ရန်အတွက် ဇာတ်တိုက် လေ့ကျင့်ခဲ့ခြင်း ဖြစ်ပါသည်။

ဒေါ်အေးမြမူ

# ဝမ်းတွင်းမြို့တွင် ငလျင်ဆိုင်ရာအသိပညာပေး ကြိုတင်လေ့ကျင့်သရုပ်ပြသခြင်း ဇာတ်တိုက်လေ့ကျင့်မှု ပြုလုပ်

ဝမ်းတွင်း၊ စက်တင်ဘာ

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဝမ်းတွင်းမြို့နယ် ကြက်ခြေနီအသင်းခွဲမှ စေတနာလုပ်အားရှင်များသည် ဝမ်းတွင်းမြို့နယ် အခြေခံပညာဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနတို့နှင့်အတူ ပူးပေါင်းကာ ဝမ်းတွင်းမြို့ပေါ်ရှိ အထက်တန်းကျောင်းများတွင် ငလျင်ဆိုင်ရာ အသိပညာပေး ကြိုတင်လေ့ကျင့်သရုပ်ပြသခြင်း ဇာတ်တိုက်လေ့ကျင့်မှုကို ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် ပြုလုပ်ဆောင်ရွက်ခဲ့ကြပါသည်။

ထို့အပြင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဌာနမှ ပေးပို့ထားသည့် ငလျင်ပညာပေး ပိုစတာများ၊ လက်ကမ်းစာစောင်များနှင့် စာအုပ်များကို ဝမ်းတွင်းမြို့နယ် ကြက်ခြေနီအသင်းမှ စေတနာလုပ်အားရှင်များက အခြေခံပညာကျောင်းများသို့ ဖြန့်ဝေပေးခဲ့ကြပါသည်။

ဦးဇော်ဇော်ထွန်းဝင်း



# လားရှိုးမြို့နယ် အီနိုင်းကျေးရွာအုပ်စု တိုက်ပွဲရှောင်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ သွားရောက် ထောက်ပံ့



လားရှိုး၊ အောက်တိုဘာ

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ လားရှိုးမြို့နယ် အီနိုင်းဘုန်းတော်ကြီးကျောင်းနှင့် အနောက်ကချင်နှစ်ခြင်းကျောင်းရှိ တိုက်ပွဲရှောင်အိမ်ထောင်စု ၁၁၉စု (ကျား-၂၃၈ဦး၊ မ-၂၇၆ဦး) အား ၂၀၁၈ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့တွင် ကယ်ဆယ်ရေးပစ္စည်းများ သွားရောက် ထောက်ပံ့ခဲ့ပါသည်။ ကယ်ဆယ်ရေးပစ္စည်းများအဖြစ် မိသားစု သန့်ရှင်းရေးသုံးပစ္စည်းများ ၁၁၉ စုံ၊ စောင် ၂၃၈ ထည်၊ ခြင်ထောင် ၁၁၉ လုံး၊ အမျိုးသမီးသုံးပစ္စည်းများ ၄၉ စုံ နှင့် တာပေါ်လင်စ ၅ ချပ်တို့ကို ပေးအပ်ခဲ့ကြပါသည်။

ဒေါ်သန္တာ

# သရက်မြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်စေရန်ခြင်ဆေးဖြန်းခြင်းများဆောင်ရွက်



သရက်၊ ဇူလိုင်

မြန်မာနိုင်ငံကြက်ခြေနီအသင်း သရက်မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့နှင့် သရက်မြို့နယ်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်စေရန် ခြင်ဆေးဖြန်းခြင်းများကို ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့တွင် ဆောင်ရွက်ခဲ့ကြပါသည်။

ဦးမြတ်ကိုကို

# ကျိုင်းတုံမြို့တွင် ကျန်းမာရေးနှင့်တစ်ကိုယ်ရည် သန့်ရှင်းမှုဆိုင်ရာ အသိပညာဖြန့်ဝေခြင်းများပြုလုပ်



ကျိုင်းတုံ၊ အောက်တိုဘာ

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ရှမ်းပြည်အရှေ့ပိုင်း ကျိုင်းတုံခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင်များနှင့် ကျိုင်းတုံမြို့နယ်ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီစေတနာလုပ်အားရှင်များသည် ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့က ကျိုင်းတုံမြို့ အမှတ် ၆ အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူ ၆၀ ဦးအား လက်ဆေးနည်းနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး၊ ကျန်းမာရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပါသည်။

ဦးစိုင်းစည်ဂျေး

မျက်နှာဖုံးမှအဆက်. . .

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအတွက် လိုအပ်သည့် ရန်ပုံငွေကိုလည်း ဝန်ကြီးဌာန၏ တင်ပြချက်အပေါ်တွင် တတ်စွမ်းသရွေ့ စီမံဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း စသည်ဖြင့် လမ်းညွှန် အမှာစကား ပြောကြားခဲ့ပါသည်။

ထို့နောက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း နာယက နိုင်ငံတော်သမ္မတအား မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူက မြန်မာနိုင်ငံကြက်ခြေနီအသင်းရာသက်ပန်အသင်းဝင်တံဆိပ်အားဂါရဝပြုတပ်ဆင်ပေးခဲ့ပြီး အသင်း၏အမှတ်တံဆိပ် ကျောက်စီပန်းချီကားကို ဂါရဝပြုလက်ဆောင်အဖြစ် ပေးအပ်ခဲ့ပါသည်။ နိုင်ငံတော် သမ္မတက မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအတွက် အလှူငွေကျပ်သိန်း (၅၀) ကို ပေးအပ်လှူဒါန်းခဲ့ပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြပါသည်။

တွေ့ဆုံပွဲသို့ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူ၊ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်နန်းထွမ်းလှ၊ အချိန်ပြည့်အလုပ်အမှုဆောင် ဦးကင်ဘွိုင်းနှင့် ဒေါက်တာ ဒေါ်အမယာမော်နိုင်၊ အထွေထွေ အတွင်းရေးမှူး ဦးခင်မောင်လှ၊ အချိန်ပိုင်း အမှုဆောင်များဖြစ်ကြသည့် ဦးမောင်မောင်ခင်၊ ဦးပေါ်မြင့်ဦး၊ ဦးဂဲနက်စ်၊ ဒေါက်တာ တင်ညွန့်၊ ဦးမျိုးမင်းနောင်နှင့် ဦးဝေဠူကျော်တို့ တက်ရောက်ခဲ့ကြပါသည်။

ဦးအောင်မြင့်စိုး

# ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းမြင့်မားရေး အစီအစဉ်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး (Coalition for Resilience) ဆွေးနွေးပွဲ ကျင်းပပြုလုပ်




နေပြည်တော်၊ အောက်တိုဘာ

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှကျင်းပပြုလုပ်သည့် "ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းမြင့်မားရေး အစီအစဉ်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ဆွေးနွေးပွဲ"၊"Red Cross Seminar on Coalition for Resilience in Myanmar" ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့က နေပြည်တော်ရှိ M-Gallery Hotel, Ayeyawady Grand Ballroom ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာဝင်းမော်ထွန်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာသာလှရွှေ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မြသူနှင့် အချိန်ပြည့်၊ အချိန်ပိုင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဗဟိုကောင်စီဝင်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC)၊ မိတ်ဖက်အမျိုးသား ကြက်ခြေနီအသင်းများမှ ကိုယ်စားလှယ်များ၊ သံတမန်များနှင့်ကိုယ်စားလှယ်များ၊ နိုင်ငံတကာအသင်းများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဝန်ထမ်းများတက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက အဖွင့်မိန့်ခွန်း မြွက်ကြားခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အမြဲတမ်း အတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက အမှာစကားပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မြသူက လူမှုကရုဏာ အကူအညီလိုအပ်ချက်များနှင့် နိုင်ငံတစ်ဝန်းဦးတည်ဆောင်ရွက်မှုများ၊ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းမြင့်တင်ရေးအတွက်ပိုမိုထိရောက်စွာပူးပေါင်းပါဝင်ဆောင်ရွက်ရေးနှင့် ပတ်သက်၍ဆွေးနွေးတင်ပြခဲ့ပါသည်။

ဆက်လက်ပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်း (IFRC) မှ Under Secretary General, Mr. Jagan Chapagain က ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းအတွက် ပိုမိုပူးပေါင်း ပါဝင်ဆောင်ရွက်ရေး ဆွေးနွေးတင်ပြခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီ (ICRC) မှ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Mr. Stephan Pierre Sakalian က ပဋိပက္ခနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အခြေခံမူများအကြောင်းကို ဆွေးနွေးခဲ့ကြပါသည်။

ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းအတွက် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ရေးကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ သာလှရွှေမှ ဦးဆောင်၍ ဖိတ်ကြားထားသော အတတ်ပညာရှင် အသိပညာရှင်များကပူးပေါင်းပါဝင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများမှ သိလိုသည်များအား မေးမြန်းသည်ကို ပြန်လည်ဖြေကြားခဲ့ကြပါသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသော တာဝန်ရှိပုဂ္ဂိုလ်များမှ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းမြင့်တင်နိုင်ရန် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ရေးအတွက် လက်မှတ်ရေးထိုးခဲ့ကြပြီး အခမ်းအနားကိုအောင်မြင်စွာ ကျင်းပခဲ့ပါသည်။

ဦးအောင်မြင့်စိုး

သတင်းစာစောင်အချက်အလက်များ

အယ်ဒီတာချုပ်
ဦးခင်မောင်လှ

တာဝန်ခံအယ်ဒီတာ
ဒေါ်ရွှေစင်ကျော်စိုး

အယ်ဒီတာ
ဦးမျိုးနိုင်

သတင်းတာဝန်ခံ
ဒေါ်ဆွေဆွေစိုးနိုင်၊ ဦးအောင်မြင့်စိုး

စာမျက်နှာဖွဲ့စည်းမှု
ဒေါ်မြအိမ်စံ

ထုတ်ဝေသူ
ဦးခင်မောင်လှ
အထွေထွေအတွင်းရေးမှူး
မြန်မာနိုင်ငံကြက်ခြေနီအသင်း

ပုံနှိပ်တိုက်
မြန်မာနိုင်ငံကြက်ခြေနီအသင်း
ကုံကော်ပုံနှိပ်တိုက်

## ဆွာချောင်းရေကြီးရေလျှံမှုကြောင့် ထိခိုက်ခံစားရသောကျေးရွာများသို့ သွားရောက်ထောက်ပံ့



ဆွာ၊ ဩဂုတ်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်၊ သိုင်းဝကျေးရွာအုပ်စု၊ ဆွာချောင်း ရေလှောင်တမံ၏ ရေပိုလွှဲဘဲန္နတ်သီးကျိုးပေါက်ကာ ရုတ်တရက်ရေကြီးရေလျှံမှုကြောင့် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့တွင် ဆွာမြို့အနီးဝန်းကျင်ရှိ ကျေးရွာအချို့တွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ပါသည်။

အဆိုပါ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသော ကျေးရွာများမှ အိမ်ထောင်စုများအတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လှ ဦးဆောင်၍ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းမော်အပါအဝင် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ဝင်များမှ ရေတာရှည်မြို့နယ် အရေးပေါ်ကွပ်ကဲရေးစခန်းသို့ သွားရောက်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတို့အား တွေ့ဆုံညှိနှိုင်းခဲ့ပါသည်။

ထို့နောက် ထောက်ပံ့ပစ္စည်းများအဖြစ် ခေါက်ဆွဲခြောက် ၁၁၉၀ ထုပ်၊ ရေသန့်ဘူး ၉၀၀၊ စောင် ၁၁၉ ထည်၊ မျက်နှာသုတ်ပုဝါ ၄၇ ထည်၊ အမျိုးသမီးသုံးပစ္စည်းများ ၁၆၄ စုံ၊ မိသားစုသန့်ရှင်းရေးသုံးပစ္စည်းများ အစုံ ၁၀၀၊ ခြင်ထောင် ၃၅ လုံး၊ တာပေါ်လင်စ ၃၀၊ ခေါက်ဆွဲခြောက် ၁၁၉၀ ... ဓာတ်ဆားအထုပ် ၆၀၀၊ ငါးပိကြော် အထုပ် ၅၀၀ နှင့် အဝတ်အထည်တို့ကို တာဝန်ရှိသူများအား လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လှ ဦးဆောင်၍ ပဲခူးမြို့၊ ဖြူးမြို့တို့မှ ကြက်ခြေနီ စေတနာလုပ်အားရှင်များသည် ရုတ်တရက် ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျေးရွာများဖြစ်ကြသော ကျွန်းတောစုကျေးရွာ၊ သရက်ပင်ဆိပ်ကျေးရွာများသို့ သွားရောက်၍ ကျေးရွာတာဝန်ရှိသူများ၊ ရွာသားများအား တွေ့ဆုံကာ ခေါက်ဆွဲခြောက်ထုပ်များ၊ ဓာတ်ဆားများ၊ ခြင်ထောင်များကို ထောက်ပံ့ပေးခဲ့ကြပါသည်။

ဦးအောင်မြင့်စိုး



## ညောင်လေးပင်မြို့နယ်နှင့်ရွှေကျင်မြို့နယ် ကြက်ခြေနီအသင်းခွဲတို့ပူးပေါင်းပြီး ရေဘေးသင့်ပြည်သူများအားသွားရောက်ထောက်ပံ့

ညောင်လေးပင်၊ ဩဂုတ်

မြန်မာနိုင်ငံကြက်ခြေနီအသင်း ညောင်လေးပင်မြို့နယ် ကြက်ခြေနီအသင်းခွဲနှင့် ရွှေကျင်မြို့နယ် ကြက်ခြေနီအသင်းခွဲတို့မှ ကြက်ခြေနီ စေတနာလုပ်အားရှင်များသည် ညောင်လေးပင် - ရွှေကျင်မြို့နယ်အစပ်ရှိ ရေနစ်မြုပ်ခဲ့သော ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာသို့ အလှူရှင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၅ ရက်နေ့တွင် သွားရောက် ကူညီထောက်ပံ့ပေးအပ်ခဲ့ကြပါသည်။ ထောက်ပံ့ပစ္စည်းများအဖြစ် ထမင်းထုတ်များ၊ ငါးသေတ္တာဘူးများနှင့် သောက်ရေသန့်များကို ပေးအပ်ခဲ့ကြပါသည်။

ဦးခင်အောင်လှိုင်

## ကြက်ခြေနီက တာချီလိတ်မြို့နယ်တွင် ကြက်ခြေနီအကြောင်း သိကောင်းစရာနှင့် သဘာဝဘေးများအကြောင်းဆွေးနွေးပို့ချ



တာချီလိတ်၊ စက်တင်ဘာ

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့နယ် ကြက်ခြေနီအသင်းခွဲမှ ဦးဆောင်၍ ကြက်ခြေနီစေတနာလုပ်အားရှင်များသည် ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့တွင်တာချီလိတ်မြို့နယ် အထက(ခွဲ)ပုန်းထွန်၌ ကြက်ခြေနီအကြောင်း သိကောင်းစရာနှင့် သဘာဝဘေးများအကြောင်းများကို ဆွေးနွေးပို့ချခဲ့ရာ ကျောင်းသား/သူ ၁၆၀ ဦး တက်ရောက်ခဲ့ကြပါသည်။

ဆက်လက်၍ နေ့လည် ၁ နာရီအချိန်တွင် တာချီလိတ်မြို့နယ် ဝမ်ကျောက်လုံ အ. မ. က မူလွန်ကျောင်းသို့ သွားရောက် ဆွေးနွေးပို့ချခဲ့ရာ ကျောင်းသား/သူ ၁၄၀ ဦး တက်ရောက်ခဲ့ကြပါသည်။

ဦးစိုင်းစည်ဂျေး

# ကမမောင်းမြို့နယ်တွင် ရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်းဖွင့်လှစ်



ကမမောင်း၊ အောက်တိုဘာ

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ကမမောင်းမြို့နယ် ကြက်ခြေနီအသင်းခွဲမှ ဦးစီး၍ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်းကို ကရင်ပြည်နယ် ကမမောင်းမြို့နယ် အ. လ. က(ခွဲ)၃ နှင့် ၄တို့တွင် ဖွင့်လှစ် သင်ကြားခဲ့ပါသည်။

အဆိုပါသင်တန်းကို ဖာပွန်ခရိုင် ဒုတိယ ကြက်ခြေနီတပ်ဖွဲ့မှူးနှင့်အတူ ကမမောင်းမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ နည်းပြ ၁၁ ဦးတို့မှ သင်တန်းသား/သူ ၈၈ ဦးအား ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့မှ ၃၀ ရက်နေ့ထိ ၅ ရက်တာ စာတွေ့ လက်တွေ့ လေ့ကျင့် သင်ကြားပေးခဲ့ပါသည်။

ဦးခွန်ထွန်းထွန်းစိုး

# ကြက်ခြေနီမှ အ. ထ. က ကူမဲ တွင် ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်း (၁/၂၀၁၈) သင်တန်းဆင်းပွဲ ကျင်းပ



ကူမဲ၊ အောက်တိုဘာ

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ကူမဲမြို့ ကြက်ခြေနီတပ်ခွဲ ၂ မှ ကြီးမှူး၍ ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်း (၁/၂၀၁၈) သင်တန်းဆင်းပွဲ အခမ်းအနားကို ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့တွင် ကူမဲမြို့နယ် အထက်တန်းကျောင်း အောင်ဆန်းခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ မြစ်သားမြို့နယ် ဒုတိယပညာရေးမှူး၊ ကူမဲမြို့ မြို့မိမြို့ဖများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များနှင့် သင်တန်းသား၊ သင်တန်းသူများ၊ မြစ်သားမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ ဝမ်းတွင်းမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူးနှင့် ဒုတပ်ဖွဲ့မှူး၊ ကူမဲမြို့နယ် ကြက်ခြေနီတပ်ခွဲ ၂ မှ တပ်ခွဲမှူးနှင့် တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ကူမဲမြို့ ကျောင်းအကျိုးတော်ဆောင် နာယက ဦးခင်မောင်လှက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြစ်သားမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးကျော်မင်းငွေမှ သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားခဲ့ပါသည်။ ထို့နောက် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပြီး သင်တန်းတွင် ထူးချွန်သော သင်တန်းသား၊ သင်တန်းသူများကို ဆုများချီးမြှင့်ပေးအပ်ခဲ့ပါသည်။

အဆိုပါ သင်တန်းတွင် ကြက်ခြေနီအကြောင်း သိကောင်းစရာများ၊ ကြက်ခြေနီလှုပ်ရှားမှုနှင့် အခြေခံမူ ၇ ချက်၊ ရှေးဦးပြုစုခြင်း သဘောတရားနှင့် ရှေးဦးပြုစုခြင်းဆိုင်ရာဘာသာရပ်များ၊ အခြေခံ လက်နက်မဲ့ စစ်ရေးပြဘာသာရပ်များကို ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့မှ ၂၉ ရက်နေ့အထိ ၇ ရက်တာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းသို့ အ. ထ. က ကူမဲမှ ကျောင်းသား၊ ကျောင်းသူ ၁၂၇ ဦး တက်ရောက်ခဲ့ကြပါသည်။

ဦးလှိုင်ဝင်းအောင်

# ရွှေ့ပြောင်းနေထိုင်သူများအတွက် မဟာဗျူဟာ ချမှတ်သည့် အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်




ရန်ကုန်၊ စက်တင်ဘာ

မြန်မာနိုင်ငံကြက်ခြေနီအသင်း မိသားစုပြန်လည်ဆက်သွယ်ရေးဌာနမှ ဦးဆောင်ကျင်းပသော 'National Strategic Dialogue Workshop in Migration'၊ 'ရွှေ့ပြောင်းနေထိုင်သူများအတွက် နိုင်ငံတော်အဆင့် မဟာဗျူဟာချမှတ်ရန် နှီးနှောဖလှယ်သည့် အလုပ်ရုံဆွေးနွေးပွဲ'ကို ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့ Park Royal Hotel, Padamyar ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဒုတိယ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်နန်းထွမ်းလှ၊ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လှ၊ ဒုတိယ အထွေထွေ အတွင်းရေးမှူး ဒေါက်တာ ဒေါ်ညိုညိုဝင့်၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC) နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) တို့မှ တာဝန်ရှိသူများ၊ ကချင်ပြည်နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဂဲနက်စ်၊ တနင်္သာရီတိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါ်မမလေးနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီမှ အမှုဆောင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဒုတိယ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်နန်းထွမ်းလှမှ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC)မှ တာဝန်ရှိသူမှ အမှာစကားပြောကြားခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့မှ ၂၇ ရက်နေ့အထိ ကျင်းပ ပြုလုပ်ခဲ့ပါသည်။

ဒေါ်စုစုလင်း

# အားလုံးအတွက်ရှေးဦးပြုစုခြင်းပညာ **First Aid For All** အစီအစဉ်ဖြင့် ရှေးဦးပြုစုခြင်း အသက်ကယ်ဆယ်ရေးနည်းလမ်းများကို ဖြန့်ဝေမည့်အကြောင်း အသိပေး အခမ်းအနားကျင်းပ

ရန်ကုန်၊ အောက်တိုဘာ

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် MPT တို့ပူးပေါင်းဆောင်ရွက်သော အားလုံးအတွက်ရှေးဦးပြုစုခြင်းပညာ "First Aid For All"အစီအစဉ် မိတ်ဆက်ပွဲအခမ်းအနားကို အောက်တိုဘာလ ၅ ရက်နေ့ နံနက်ကရန်ကုန်မြို့ရှိ Park Royal Hotel တွင်ကျင်းပခဲ့ပါသည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ တာဝန်ရှိသူများက ရှေးဦးပြုစုခြင်းနှင့် အခြေခံ အသက်ကယ်အထောက်အကူပြုနည်းများကို လက်တွေ့သရုပ်ပြခဲ့ကြပါသည်။ ထို့နောက် MPT မှ လုပ်ငန်းလည်ပတ်မှုဌာန အရာရှိချုပ် Mr.Yoshiaki Beninoက အဖွင့်အမှာစကားပြောကြားခဲ့ပြီး MPT မှ ဥပဒေရေးရာနှင့် ညှိနှိုင်းရေးရာဌာန ညွှန်ကြားရေးမှူး ဦးမျိုးသန်းက မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် MPT တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်း ရှေးဦးပြုစုခြင်းနှင့် အန္တရာယ်ကင်းရှင်းရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်ခင်ရှိန်က မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် MPT တို့ ပူးပေါင်း၍ မြန်မာပြည်သူများ မတော်တဆ ထိခိုက်ခြင်း၊ အရေးပေါ် အခြေအနေတွင် အသက်အန္တရာယ် ထိခိုက်မှုနှုန်း လျော့နည်းစေရန်အတွက် လူတိုင်းကူညီစောင့်ရှောက်ပေးနိုင်မည့် ရှေးဦးပြုစုခြင်းပညာရပ်များအား ရိုက်ကူးထုတ်လွှင့်



သော အစီအစဉ်သည် အစီအစဉ်ကောင်းတစ်ခုဖြစ်ကြောင်း၊ လူတိုင်းရှေးဦးပြုစုခြင်းနည်းလမ်းများကို သိရှိတတ်မြောက်ထားသင့်ကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက် မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးကာ မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြပြီး အခမ်းအနားကို အောင်မြင်စွာကျင်းပခဲ့ပါသည်။

ဒေါ်မြအိမ်စံ

# တောင်ကြီးမြို့တွင်ပြုလုပ်သော " အသက်အန္တရာယ်ကာကွယ်ဖို့ ဆိုင်ကယ်စီးဦးထုပ် ဆောင်းကြစို့ " ဆောင်ပုဒ်ဖြင့် လှုပ်ရှားမှုပြုလုပ်ရာတွင် ကြက်ခြေနီမှ ပါဝင်ကူညီ



တောင်ကြီး၊ ဩဂုတ်

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ရှမ်းပြည်နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ကြက်ခြေနီစေတနာလုပ်အားရှင်များသည် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၃၁ရက်နေ့က တောင်ကြီးမြို့တွင် ကျင်းပသော "အသက်အန္တရာယ်ကာကွယ်ဖို့ ဆိုင်ကယ်စီးဦးထုပ် ဆောင်းကြစို့"၊"Road Safety Is No Accident Shan State Taunggyi" ဆောင်ပုဒ်ဖြင့် တောင်ကြီးမြို့တစ်ပတ် အသိပညာပေးလှုပ်ရှားမှု စုပေါင်းပြုလုပ်ရာတွင် ပြည်သူများနှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြပါသည်။

ဦးဝင်းဇော်ထွေး

# အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ် ဉာဏ်စမ်းပြိုင်ပွဲကျင်းပ



နေပြည်တော်၊ အောက်တိုဘာ

၂၀၁၈ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်ခဲ့သော အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ် အဖြစ် ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့ နံနက် ၁၀ နာရီအချိန်ကနေပြည်တော်ရှိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ်တွင် ဉာဏ်စမ်းမေးခွန်းဖြေဆိုခြင်းအစီအစဉ်ကိုပြုလုပ်ခဲ့ရာ ဝန်ထမ်းများမှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ရေး၊ တုံ့ပြန်ရေးစသည့် မေးခွန်းများကို ဖြေဆိုခဲ့ကြပါသည်။ ဉာဏ်စမ်းမေးခွန်းများကို မှန်ကန်စွာ ဖြေဆိုနိုင်သည့် ဝန်ထမ်းများအား အမှတ်တရတီရှပ်အင်္ကျီများ၊ လက်ဆောင်ပစ္စည်းများနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာပညာပေးစာစောင်များကို ပြန်လည်မျှဝေပေးခဲ့ပါသည်။

ဒေါ်ဆွေဆွေစိုးနိုင်

# ရပ်ရွာလူထုအခြေပြု ကျန်းမာရေးနှင့် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်း ပိုမိုမြင့်မားရေးစီမံကိန်း စေတနာလုပ်အားရှင်များအား ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

လွိုင်ကော်၊ အောက်တိုဘာ




မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ဦးစီးကျင်းပသော ရပ်ရွာလူထုအခြေပြု ကျန်းမာရေးနှင့် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်း ပိုမိုမြင့်မားရေးစီမံကိန်း စေတနာ လုပ်အားရှင်များအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၁၈ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကယားပြည်နယ် လွိုင်ကော်မြို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း အချိန်ပိုင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးမျိုးမင်းနောင်မှ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ကယားပြည်နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီမှ အမှုဆောင်အဖွဲ့ဝင်များ လွိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ် ကြက်ခြေနီအသင်းခွဲမှ အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ကြက်ခြေနီစေတနာ လုပ်အားရှင်များ စုစုပေါင်း ၂၀၀ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

ဦးအောင်မြင့်ဦး

## လူထုအခြေပြုရှေးဦးပြုစုခြင်းနည်းပြသင်တန်းဖွင့်လှစ်




နေပြည်တော်၊ စက်တင်ဘာ

မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဌာန၊ ကချင်အထူးစီမံချက်မှ ကြီးမှူးဖွင့်လှစ်သော လူထုအခြေပြုရှေးဦးပြုစုခြင်း နည်းပြသင်တန်း ဖွင့်ပွဲအခမ်းအနားကို ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်း (ဌာနချုပ်) သင်တန်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဌာန ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းမော်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး၊ ရှေးဦးပြုစုခြင်းနှင့် အန္တရာယ်ကင်းရှင်းရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်မင်းနိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့ပါသည်။

အဆိုပါ သင်တန်းကို ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့မှ ၂၅ ရက်နေ့ထိ နည်းပြ ဆရာ၊ ဆရာမများမှ စာတွေ့ လက်တွေ့ လေ့ကျင့် ပို့ချခဲ့ပြီး ကချင်ပြည်နယ်ရုံးမှ ဝန်ထမ်းများနှင့် မိုးညှင်းမြို့နယ်၊ မိုးကောင်းမြို့နယ်၊ ကာမိုင်းမြို့၊ တနိုင်းမြို့၊ ဝိုင်းမော်မြို့၊ ချီဖွေမြို့နယ်၊ ရွှေကူမြို့နယ်၊ ဖားကန့်မြို့နယ်တို့မှ ကြက်ခြေနီစေတနာလုပ်အားရှင် စုစုပေါင်း ၃၂ ဦး တက်ရောက်ခဲ့ကြပါသည်။

ဦးအောင်မြင့်စိုး

## မုံရွာမြို့တွင် ကြက်ခြေနီအသိပညာပြန့်ပွားရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ



မုံရွာ၊ အောက်တိုဘာ

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သော ကြက်ခြေနီအသိပညာပြန့်ပွားရေး အလုပ်ရုံဆွေးနွေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ မြသလ္လာခန်းမ၌ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့ တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးသန့်၊ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အချိန်ပြည့်အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးကင်ဘွိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဇော်ဝင်းအောင်၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီမှ တာဝန်ရှိသူများ၊ စစ်ကိုင်းခရိုင်၊ ကသာခရိုင်၊ ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ်ကြက်ခြေနီ အလုပ်အမှုဆောင်များ တက်ရောက်ခဲ့ကြပါသည်။

စာမျက်နှာ(၁၁)သို့ . . .

# စာရင်းသွင်းခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများသင်တန်း ဖွင့်လှစ်

နေပြည်တော်၊ စက်တင်ဘာ

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် ဘဏ္ဍာရေးဌာနတို့ ပူးပေါင်း၍ စာရင်းသွင်းခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများသင်တန်းကို ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဌာနချုပ် စုဝေးခန်းမ၌ ဖွင့်လှစ်ခဲ့ပါသည်။

အဆိုပါ သင်တန်းကို ကြက်ခြေနီ အသင်းခွဲများအနေဖြင့် ဝင်ငွေ၊ ထွက်ငွေများအား စနစ်တကျ စီမံခန့်ခွဲထိန်းသိမ်းတတ်စေရန်၊ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအကြောင်း သေသေချာချာ နားလည်သိရှိပြီး ဘဏ္ဍာရေးလုပ်ငန်းများကိုအမှားအယွင်းနည်းစွာ ဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။

သင်တန်းတွင် 'Accountable Resilient Branches (ARB)' 'ရပ်ရွာလူထုဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းမြင့်မားရေးအတွက် တာဝန်ယူမှုတာဝန်ခံမှုရှိသော မြို့နယ်ကြက်ခြေနီအသင်းခွဲများ ဖြစ်လာစေရေးစီမံချက်'တွင် ပါဝင်သည့် မြို့နယ်များဖြစ်သော ပုသိမ်၊ သာပေါင်း၊ ရေကြည်၊ ပေါင်၊ သထုံ၊ မုဒုံ မြို့နယ်ကြက်ခြေနီအသင်းခွဲများမှ အမှုဆောင်အဖွဲ့ဝင်များ၊ ကြက်ခြေနီ စေတနာလုပ်အားရှင်များနှင့် လက်ထောက်အုပ်ချုပ်ရေးအထောက်အကူပြုအရာရှိများ စုစုပေါင်း ၂၉ ဦးတက်ရောက်ခဲ့ပါသည်။

စာရင်းသွင်းခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ သင်တန်းကို ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့မှ ၂၇ ရက်နေ့အထိ နည်းပြဆရာ၊ ဆရာမများမှ သင်တန်းသား၊ သင်တန်းသူများအား စာတွေ့ လက်တွေ့ စနစ်တကျ လေ့ကျင့် သင်ကြားပေးခဲ့ကြပါသည်။

ဒေါ်မိုးစန္ဒာ



စာမျက်နှာ(၁၀)မှအဆက်. . .

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ဇော်ဝင်းက အဖွင့်မိန့်ခွန်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း အချိန်ပြည့် အလုပ်အမှုဆောင် ဦးကင်ဘွိုင်းက သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့ကာ ပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ မန္တလေးရုံးတာဝန်ခံ စောလားဖိုးက နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပါသည်။

အဆိုပါ သင်တန်းသို့ ကြက်ခြေနီ ကြီးကြပ်ကော်မတီဝင်များ၊ စစ်ကိုင်းခရိုင်၊ ကသာခရိုင်၊ ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ် ၁၂ မြို့နယ်မှ စုစုပေါင်း သင်တန်းသား ၅၁ ဦးတက်ရောက်ခဲ့ပြီး ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့မှ ၅ ရက်နေ့အထိ ၃ ရက်တာကျင်းပ ပြုလုပ်ခဲ့ပါသည်။

ဒေါ်မိုးပွင့်ဖြူ

# အရိုး အကြော အဆစ်ဝေဒနာရှင်များအား (အခမဲ့) ခွဲစိပ်ကုသရာတွင် ပါဝင်ကူညီ

အောင်လံ၊ စက်တင်ဘာ

မကွေးတိုင်းဒေသကြီး အောင်လံမြို့ သီတဂူ ဇောတိကစက္ခုဒါနဆေးရုံတော်ကြီးတွင် မကွေးတိုင်း ဆေးရုံကြီးမှ အရိုး၊ အကြော၊ အဆစ်သမားတော်ဆရာဝန်ကြီးဦးဆောင်ပြီး အရိုး၊ အကြော၊ အဆစ် ဆရာဝန်များမှ အရိုး၊ အကြော၊ အဆစ် ဝေဒနာရှင် ၃၀၄ ဦး တို့အား စမ်းသပ်စစ်ဆေးခွဲစိပ်ကုသပေးရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အောင်လံမြို့နယ် ကြက်ခြေနီအသင်းခွဲမှ စေတနာလုပ်အားရှင်များက ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့တွင် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြပါသည်။

ဦးရန်နောင်စိုး





# ဆားမလောက်လမ်းဆုံအနီး ယာဉ်မတော်တဆမှုတွင် ထိခိုက်ဒဏ်ရာရရှိသူများအား ကြက်ခြေနီက အကူအညီပေး

ဇရာဝတီ၊ ဩဂုတ်

၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး ဆားမလောက်လမ်းဆုံအနီး၌ ခရီးသည်တင်ယာဉ်နှင့် မော်တော်ဆိုင်ကယ်တစ်စီး ယာဉ်မတော်တဆတိုက်မှုဖြစ်ပွားခဲ့ရာ မော်တော်ဆိုင်ကယ်စီးနင်းလာသူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြပါသည်။

အဆိုပါ ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား မြန်မာနိုင်ငံ ကြက်ခြေနီအသင်း လှည်းကူးမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ကြက်ခြေနီ ဒုတိယတပ်ခွဲမှူးအောင်မင်းမင်းထွေးနှင့် ကြက်ခြေနီတပ်စုမှူးရဲဦးထက်တို့မှ ခရီးသွားရင်းတွေ့ရှိခဲ့ရာ လူနာနှစ်ဦးအား ရှေးဦးပြုစုခြင်းများ ကူညီဆောင်ရွက်ပေးခဲ့ကြပါသည်။ ထို့အပြင် ထိခိုက် ဒဏ်ရာရရှိခဲ့သူများအား အချိန်မှီဆေးကုသမှုခံယူနိုင်ရန် နီးစပ်ရာဆေးရုံသို့ လူနာတင်ယာဉ်ဖြင့် ပို့ဆောင်နိုင်စေရန် ကူညီပေးခဲ့ကြပါသည်။

ဦးဇော်မိုးအောင်

# ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် ရှေးဦးပြုစုခြင်းဆိုင်ရာ စွမ်းရည် ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ




နေပြည်တော်၊ စက်တင်ဘာ

၂၀၁၈ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် ရှေးဦးပြုစုခြင်းဆိုင်ရာစွမ်းရည်ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယင်းနေ့ နံနက် ၉ နာရီအချိန်က နေပြည်တော်ရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်၊ စုဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးကျော်သိန်းဌေးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မြသူနှင့် အချိန်ပြည့် အလုပ်အမှုဆောင်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) မှ ဌာနေကိုယ်စားလှယ် Mr. Stephan Pierre Sakalian နှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေမှ တာဝန်ရှိသူများနှင့် ရှေးဦးပြုစုခြင်း စွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသောပြိုင်ပွဲဝင်များ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မြသူက အဖွင့်မိန့်ခွန်း ပြောကြားရာတွင် ' နိုင်ငံတစ်ဝန်းနေ့စဉ်ကြုံတွေ့နေရသည့် မတော်တဆဖြစ်မှုများ၊ သဘာဝဘေးအန္တရာယ်များနှင့် လက်နက်ကိုင် ပဋိပက္ခများအတွင်း ကြုံတွေ့ရသည့် ထိခိုက်ဒဏ်ရာရရှိသူများကို လူမျိုး၊ ဘာသာ၊ အသားအရောင်၊ ဆင်းရဲ၊ ချမ်းသာ ခွဲခြားခြင်းမရှိဘဲ လူသားချင်း စာနာထောက်ထားမှုအပေါ် အခြေခံကာ ရှေးဦးပြုစုခြင်းဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိသည့် ကြက်ခြေနီ စေတနာလုပ်အားရှင်များ အားလုံးကို အထူးပင် ချီးကျူးမှတ်တမ်းတင်ပါကြောင်း၊ ယခု ၂၀၁၈ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့၏ ဆောင်ပုဒ်မှာ 'လမ်းပေါ်မတော်တဆဖြစ်မှုများ၊ ရှေးဦးပြုစုခြင်းဖြင့် ချက်ချင်းတုန့်ပြန်ဆောင်ရွက်ပေး' (First Response to Road Crashes) ဖြစ်ပါကြောင်း၊ ကမ္ဘာ့တစ်ဝန်း နေ့စဉ် ဖြစ်ပွားနေသည့် မတော်တဆဖြစ်ပွားမှုများတွင် လမ်းပေါ်တွင် မတော်တဆဖြစ်မှုများသည်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ရပ်ရွာလူထုအနေဖြင့် လမ်းပေါ်တွင် အန္တရာယ် ဖြစ်ပွားနိုင်သည့် နေရာများကို သိရှိစေရေးနှင့် မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများ သိရှိစေရေးအပြင် လူတိုင်း အသက်အရွယ်မရွေး ရှေးဦးပြုစုခြင်းနည်းစနစ်များ တတ်မြောက်ပြီး လမ်းပေါ်တွင် မတော်တဆဖြစ်ပွားမှုများကြောင့် ထိခိုက်ဒဏ်ရာရရှိမှုများကို ယုံကြည်မှုအပြည့်ဖြင့် ချက်ချင်းတုန့်ပြန်ဆောင်ရွက်နိုင်ရေးအတွက် ရပ်ရွာလူထုအတွင်း ရှေးဦးပြုစုခြင်းပညာရပ်များကို ပြန့်ပွားနိုင်စေရန် ကြက်ခြေနီ စေတနာလုပ်အားရှင်များက အဓိက တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း' ပြောကြားခဲ့ပါသည်။

ထို့နောက် ရှေးဦးပြုစုခြင်း စွမ်းရည်ပြိုင်ပွဲတွင် အမှတ်ပေးဒိုင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သူများအား မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌပါမောက္ခ ဒေါက်တာ ဒေါ်မြသူက အမှတ်ပေးဒိုင်များကိုယ်စား နည်းပြဦးတင်ကိုအား ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ပေးခဲ့ပါသည်။ ရှေးဦးပြုစုခြင်း စွမ်းရည်ပြိုင်ပွဲ ရပ်ရွာလူထုအဆင့်ပြိုင်ပွဲ (နေပြည်တော်) တွင် ပထမဆုရရှိသည့် ရွှေလူငယ်ပရဟိတအသင်းမှ မောင်သော်လွင်ထက်၊ ဒုတိယဆုရရှိသည့် ပန်းတင်အမြန်လမ်းမကြီးရဲစခန်းမှ မခင်စန္ဒာကျော်နှင့် တတိယဆုရရှိသည့် ရွှေလူငယ်ပရဟိတအသင်းမှ မဇင်မာဝေနှင့် ပန်းတင်အမြန်လမ်းမကြီး ရဲစခန်းမှ မခင်မီမီလွင်တို့အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးကျော်သိန်းဌေးက ဆုများအသီးသီးပေးအပ်ခဲ့ပါသည်။

ဆက်လက်ပြီး ရှေးဦးပြုစုခြင်း စွမ်းရည်ပြိုင်ပွဲ ရပ်ရွာလူထုအဆင့်ပြိုင်ပွဲ (ရန်ကုန်တိုင်းဒေသကြီး)တွင် ပထမဆုရရှိသည့် ဆိပ်ကြီးခနောင်တိုမြို့နယ်မှ မသိမ့်သိမ့်မြင့်၊ ဒုတိယဆုရရှိသည့် တွံတေးမြို့နယ်မှ မခိုင်မာဦးနှင့် တတိယဆုရရှိသည့် သာကေတမြို့နယ်မှ မောင်သက်လွင်ဦးတို့အား ICRC မှ Mr. Stephan Pierre Sakalian က ဆုများအသီးသီးပေးအပ်ခဲ့ပါသည်။

ထို့နောက် ရှေးဦးပြုစုခြင်း စွမ်းရည်ပြိုင်ပွဲ အခြေခံပညာကျောင်းအဆင့်ပြိုင်ပွဲ (နေပြည်တော်) တွင် ပထမဆုရရှိသည့် စွမ်းပြည့်ကျောင်းမှ မဇင်ဇင်ထူး၊ ဒုတိယဆုရရှိသည့် စွမ်းပြည့်ကျောင်းမှ မအိမ့်ရတနာဦးနှင့် တတိယဆုရရှိသည့် စွမ်းပြည့်ကျောင်းမှ မောင်အောင်ပြည့်စုံ၊ လယ်ဝေးမြို့ အထက သဲတောကြီးမှ မောင်ဟိန်းထက်ဖြိုးတို့အား အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လှက ဆုများအသီးသီးပေးအပ်ခဲ့ပါသည်။

ရှေးဦးပြုစုခြင်း စွမ်းရည်ပြိုင်ပွဲ အခြေခံပညာအဆင့်ပြိုင်ပွဲ (ရန်ကုန်တိုင်းဒေသကြီး) တွင် ပထမဆုရရှိသည့် အထက (၂) သာကေတမှ မယွန်းနွယ်အောင်၊ အထကခွဲ (၄) ရွှေပြည်သာမှ မောင်ဆန်းပွင့်နှင့် အထက (၁) သုံးခွမြို့နယ်မှ မောင်ရဲဝင့်အောင် တို့အား အချိန်ပြည့် အလုပ်အမှုဆောင် အဖွဲ့ဝင် ဦးကင်ဘွိုင်းကလည်းကောင်း၊ ရှေးဦးပြုစုခြင်း စွမ်းရည်ပြိုင်ပွဲ တက္ကသိုလ်ကောလိပ်အဆင့်ပြိုင်ပွဲ (ရန်ကုန်တိုင်းဒေသကြီး) တွင် ပထမဆုရရှိသည့် ဒဂုံတက္ကသိုလ်မှ မောင်ပိုင်သန့်ကိုကို၊ ဒုတိယဆုရရှိသည့် ဒဂုံတက္ကသိုလ်မှ မောင်အောင်ကျော်ဟိန်းနှင့် တတိယဆုရရှိသည့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ မသီရိအောင်တို့အား အချိန်ပြည့် အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်အမယာမော်နိုင်ကလည်းကောင်း ဆုများအသီးသီးချီးမြှင့်ခဲ့ကာ အခမ်းအနားကို အောင်မြင်စွာ ကျင်းပခဲ့ပါသည်။

ဒေါ်ဆွေဆွေစိုးနိုင်



# သာပေါင်းမြို့တွင် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အခမ်းအနားကျင်းပ

သာပေါင်း၊ စက်တင်ဘာ

၂၀၁၈ခုနှစ်ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနားကို သာပေါင်းမြို့နယ် ကြက်ခြေနီအသင်းခွဲမှ ကြီးမှူး၍ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် သာပေါင်းမြို့၊ ပြည်အေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ သာပေါင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ကိုယ်စား ဒုတိယဦးစီးမှူး ဒေါ်ခိုင်မာစိုးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း သာပေါင်းမြို့နယ်ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌ ဦးကိုကိုနိုင်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးကျော်သန်းနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ စေတနာလုပ်အားရှင်များ၊ ဖိတ်ကြားထားသည့် အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ ပရဟိတ အသင်းများမှ ကိုယ်စားလှယ်များ၊ အလှူရှင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် စီမံချက်ဝင်ကျေးရွာများမှ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ စုံလင်စွာ တက်ရောက်ခဲ့ကြပါသည်။



အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား ဒုတိယဦးစီးမှူး ဒေါ်ခိုင်မာစိုးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်း မြို့နယ်ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌ ဦးကိုကိုနိုင်မှ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မြသူထံမှ ပေးပို့သော သဝဏ်လွှာအား ဖတ်ကြားခဲ့ပါသည်။ ထို့နောက် အလှူရှင်များက မြို့နယ်ကြက်ခြေနီအသင်းခွဲသို့ အလှူငွေများကိုလှူဒါန်းခဲ့ရာ တာဝန်ရှိသူများမှ လက်ခံခဲ့ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ခဲ့ကြပါသည်။

ထို့နောက် မြို့နယ်ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌ ဦးကိုကိုနိုင်မှ ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကာ အခမ်းအနားကို အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။

သာပေါင်းကြက်ခြေနီ

# ပဲခူးမြို့တွင် ၂၀၁၈ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် ရှေးဦးပြုစုခြင်းစွမ်းရည်/တပ်ဖွဲ့ဆိုင်ရာ ကျင့်ဝတ်နှင့် ဗဟုသုတရေးဖြေပြိုင်ပွဲကျင်းပ



ပဲခူး၊ စက်တင်ဘာ

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ပဲခူးတိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီမှ ဦးစီး၍ ၂၀၁၈ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် ရှေးဦးပြုစုခြင်းစွမ်းရည်/တပ်ဖွဲ့ဆိုင်ရာ ကျင့်ဝတ်နှင့်ဗဟုသုတ ရေးဖြေပြိုင်ပွဲကို ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် ပဲခူးမြို့နယ် မိုးလုံလေလုံအားကစားခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ တိုင်းတပ်ဖွဲ့မှူးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပဲခူးတိုင်းဒေသကြီး ခရိုင် ၄ ခရိုင်မှ တပ်ဖွဲ့ဝင်များက ပဲခူးတိုင်းဒေသကြီးကြက်ခြေနီ ကြီးကြပ်ကော်မတီမှ ကြီးမှူးကျင်းပသည့် ၂၀၁၈ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် ရှေးဦးပြုစုခြင်းစွမ်းရည်/တပ်ဖွဲ့ဆိုင်ရာကျင့်ဝတ်နှင့်ဗဟုသုတရေးဖြေပြိုင်ပွဲအား ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပါသည်။

ဦးမျိုးသက်နိုင်

# ကြက်ခြေနီမှ ထားဝယ်မြို့တွင် ၂၀၁၈ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် ရှေးဦးပြုစုခြင်းစွမ်းရည်နှင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပ



ထားဝယ်၊ စက်တင်ဘာ

မြန်မာနိုင်ငံကြက်ခြေနီအသင်း တနင်္သာရီတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီကဦးစီး၍ ၂၀၁၈ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် ရှေးဦးပြုစုခြင်းစွမ်းရည်နှင့် စာစီစာကုံးပြိုင်ပွဲကို ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့တွင် ထားဝယ်မြို့နယ် ကြက်ခြေနီအသင်းခွဲရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါ်မမလေးက အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ အဆိုပါပြိုင်ပွဲတွင် လူငယ်/မောင်မယ် စုစုပေါင်း ၃၁ ဦး ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြပါသည်။

ဦးကိုကိုနိုင်

# အထည်ဆိုင်မီးလောင်မှုဖြစ်ပွားရာ ပြည်သူများအား ကြက်ခြေနီမှ ကူညီကယ်ဆယ်



မြိတ်၊ အောက်တိုဘာ

၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ မြစ်ငယ်ရပ်ကွက်၊ ဗဟိုလမ်းရှိ Grand Jade Hotel တတိယထပ်ရှိ အထည်ဆိုင်တွင် မတော်တဆ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ပါသည်။

အဆိုပါ မီးလောင်ကျွမ်းမှုတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း မြိတ်မြို့နယ် ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်များသည် တနင်္သာရီတိုင်းဒေသကြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ တနင်္သာရီတိုင်းဒေသကြီး စစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်မတော်သားများ၊ မြိတ်ခရိုင် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ တပ်မတော်ဆေးတပ်ဖွဲ့၊ စည်ပင်သာယာရေးကော်မတီ၊ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အများပြည်သူများနှင့်အတူ ကူညီကယ်ဆယ်ခြင်းလုပ်ငန်းများကို သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ကြပါသည်။

အဆိုပါ မီးသည် ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့ ည (၁၀း၃၀) နာရီခန့်တွင် စတင်လောင်ကျွမ်းခဲ့ပြီး ည (၁၁း၄၀) နာရီခန့်တွင် ငြိမ်းသတ်နိုင်ခဲ့ကြပါသည်။

ဒေါ်အေးအေးသန်း၊ ဒေါ်အေးမြမူ



---

# မော်လမြိုင်မြို့ အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့အခမ်းအနားတွင် ပူးပေါင်းပါဝင်ကူညီ



မော်လမြိုင်၊ အောက်တိုဘာ

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ သာသနဗိမ္မာန်တော်ကြီးတွင် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း မော်လမြိုင်မြို့နယ် ကြက်ခြေနီအသင်းခွဲမှ ဥက္ကဌ ဦးခင်ဇော်နှင့် ကော်မတီဝင်များ၊ မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ဦးမျိုးဝင်းယု ဦးဆောင်သော ကြက်ခြေနီ စေတနာလုပ်အားရှင်များမှ ဘိုးဘွားများအား ကူညီသယ်ဆောင်နေရာချပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အခြားလိုအပ်သည်များကို ဝိုင်းဝန်းကူညီခြင်းများဆောင်ရွက်ပေးခဲ့ကြပါသည်။ အခမ်းအနားသို့ မွန်ပြည်နယ် လွှတ်တော် ဥက္ကဌ ဒေါ်တင်အိ၊ မွန်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မွန်ပြည်နယ် စာရင်းစစ်ချုပ်၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ အဘိုး၊ အဘွားများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီဥက္ကဌ၊ မွန်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းမှ အခမ်းအနားပြုလုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း၊ အဘိုး၊ အဘွားများအား ဘိုးဘွားကန်တော့ကြိုးဖြင့် ရှိခိုးကန်တော့ခြင်း၊ ဂါရဝလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ဘိုးဘွားတစ်ဦးမှ ဆုတောင်း မေတ္တာပြန်လည်ပို့သကာ အခမ်းအနားကို အောင်မြင်စွာ ကျင်းပခဲ့ကြပါသည်။

ဦးပေါ်ကြွယ်



# မြန်မာနိုင်ငံရေကြောင်း အင်ဂျင်နီယာအသင်း သင်တန်းကျောင်းမှ ကြက်ခြေနီသို့ အလှူငွေများ လာရောက်လှူဒါန်း



ရန်ကုန်၊ စက်တင်ဘာ

ရေဘေးကြောင့် ထိခိုက်ခံစားရသော ပြည်သူများအား လူမှုကရုဏာအကူအညီများ ပေးအပ်နိုင်ရန်အတွက် မြန်မာနိုင်ငံ ရေကြောင်းအင်ဂျင်နီယာအသင်း သင်တန်းကျောင်းမှ ဦးအေးလွင်နှင့် တာဝန်ရှိသူများသည် ၂၀၁၈ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ အလှူ ငွေကျပ် (၅၄၅,၀၀၀) တိတိကို လာရောက်လှူဒါန်းခဲ့ရာ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မြသူ၊ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်နန်းထွမ်းလှ၊ အချိန်ပြည့် အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာဒေါ်အမယာမော်နိုင်၊ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လှနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ပါသည်။

ဒေါ်ဆွေဆွေစိုးနိုင်

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး မီးလောင်မှုတွင် ကြက်ခြေနီကကူညီ





ရန်ကုန်၊ ဩဂုတ်

၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့ ညနေ ၁၈း၄၃ အချိန်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ Level-2 အဆင့်ရှိ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ပါသည်။

အဆိုပါ မီးလောင်ကျွမ်းမှုတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီ သူနာပြုတပ်ဖွဲ့နှင့် အနောက်ပိုင်းခရိုင် ကြက်ခြေနီတပ်ဖွဲ့၏ ကွပ်ကဲမှုဖြင့် လသာမြို့နယ် ကြက်ခြေနီတပ်ဖွဲ့ခွဲတို့ ပူးပေါင်းကာ နီးစပ်ရာမြို့နယ်များမှ ကြက်ခြေနီ စေတနာလုပ်အားရှင်များ စုစုပေါင်းအင်အား ၁၄၃ ဦးတို့မှ ဆေးရုံကြီးအတွင်း တက်ရောက်ကုသနေသော လူနာများအား အားပေးကူညီခြင်း၊ ထိခိုက်ဒဏ်ရာရရှိသူများအား ရှေးဦးပြုစုပေးခြင်း၊ လူနာများ ပြောင်းရွှေ့ရာတွင် စီမံခန့်ခွဲခြင်း၊ လူနာများအား ဘေးကင်းရာသို့ ပြောင်းရွှေ့နေရာချထားခြင်း၊ မီးဘေးအန္တရာယ် ကင်းရှင်းသွားသောအခါ လူနာများအား သက်ဆိုင်ရာ ဆေးရုံအဆောင်များ၊ ကုတင်များသို့ ပြန်လည်ရွှေ့ပြောင်းသယ်ဆောင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။

ဦးဇော်မိုးအောင်

# ထားဝယ်မြို့ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲတွင် အကူအညီပေး



ထားဝယ်၊ ဩဂုတ်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ မြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ၂၀၁၈ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့မှ ဩဂုတ်လ ၇ ရက်နေ့ထိ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ထားဝယ်မြို့နယ် ကြက်ခြေနီ စေတနာလုပ်အားရှင်များမှ ရှေးဦးပြုစုခြင်းနှင့် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြပါသည်။

ထို့ကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများက ထားဝယ်မြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့အား ဂုဏ်ပြုဆုချီးမြှင့်ခဲ့ကြပါသည်။

ဦးကိုကိုနိုင်

# (၇)ကြိမ်မြောက် မိတ်ဖက်အဖွဲ့အစည်းများ တွေ့ဆုံပွဲ အစည်းအဝေးကို နေပြည်တော်တွင် ကျင်းပ



နေပြည်တော်၊ အောက်တိုဘာ

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ၇ ကြိမ်မြောက် မိတ်ဖက် အဖွဲ့အစည်းများ တွေ့ဆုံပွဲအစည်းအဝေးကို ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့ မှ ၁၇ ရက်နေ့ထိ နေပြည်တော်ရှိ M-Gallery Hotel ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ဆောင်ရွက်လျက်ရှိသော လူမှုကရုဏာလုပ်ငန်းများတွင် အနီးကပ် ပူးပေါင်းပါဝင်လျက်ရှိသော အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC) နှင့် မိတ်ဖက် အမျိုးသားကြက်ခြေနီ၊ လခြမ်းနီအသင်း ၁၅ သင်းမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါသည်။ တွေ့ဆုံပွဲ အစည်းအဝေးကို ၂၀၁၆ခုနှစ်က ပြုလုပ်ခဲ့သော ၆ ကြိမ်မြောက် မိတ်ဖက် ကြက်ခြေနီ အသင်းများ အစည်းအဝေးတွင် ချမှတ်ခဲ့သော အကြံပြုချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ မိတ်ဖက်အမျိုးသားအသင်းများနှင့် သဘောတူညီထားသော မူဘောင်များကို ခြုံငုံသုံးသပ်ရန်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် မိတ်ဖက် ဆောင်ရွက်နေသော အမျိုးသားအသင်းများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန်ရည်ရွယ်ကာ ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ ဆွေးနွေးပွဲတွင် အသင်း၏ မဟာဗျူဟာ ၂၀၂၀နှင့်အညီ ဆောင်ရွက်နေမှုများအပေါ် လူမှုကရုဏာလုပ်ငန်းများတွင် မိတ်ဖက်အမျိုးသားအသင်းများ အနေဖြင့် ပိုမိုပံ့ပိုးပေးနိုင်မည့် လုပ်ငန်းနယ်ပယ်များ ရှာဖွေသတ်မှတ်ခဲ့ကြပြီး အစည်းအဝေးသို့ တက်ရောက်လာသည့် မိတ်ဖက် အမျိုးသားအသင်း ၁၂ သင်းက မိတ်ဖက်အဖွဲ့အစည်းမူဘောင် (Partnership Framework) တွင် လက်မှတ်ရေးထိုးခဲ့ကြပါသည်။

ဦးအောင်မြင့်စိုး




# မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ 10th Asia Pacific Regional Conference သို့ တက်ရောက်

မနီလာ၊ နိုဝင်ဘာ

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မြသူနှင့် တာဝန်ရှိသူများသည် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့မှ ၁၄ ရက်နေ့အထိ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ဖိလစ်ပိုင်ကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့ ပူးပေါင်းကျင်းပသော ၁၀ ကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာညီလာခံသို့ တက်ရောက်ခဲ့ကြပါသည်။



အဆိုပါ ညီလာခံသို့ နိုင်ငံ ၅၁ နိုင်ငံမှ အမျိုးသား ကြက်ခြေနီအသင်းများ၏ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါညီလာခံ၌ လျင်မြန်စွာပြောင်းလဲနေသောကမ္ဘာကြီးတွင် ဒေသဆိုင်ရာ လူမှုကရုဏာလုပ်ငန်းလှုပ်ရှားဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြပါသည်။

ဒေါ်မြအိမ်စံ